၁။*ကရဏီယမတ္ထကုသလေန၊ ယန္တသန္တံ ပဒံ အဘိသမေစ္စ။
သက္ကော ဥဇူ စ သုဟုဇူ[၄] စ၊ သူဝစော စဿ မုဒု အနတိမာနီ။

---

၁-ဝါဒိ (သျာ၊ ကံ)
၂-သုသဏ္ဌာနသုရူပတာ (သီ)၊ သုသဏ္ဌာနံ သုရူပတာ (သျာ၊ ကံ)
၃-ယောနိသော ဝေ (သီ)၊ ယောနိသော စေ (သျာ)၊ ယောနိသော စ ( ? )
* ဥပရိ ၃၀၀-ပိဋ္ဌေပိ။
၄-သုဇူ (သီ)



၂။ သန္တုဿကော စ သုဘရော စ၊ အပ္ပကိစ္စော စ သလ္လဟုကဝုတ္တိ။
သန္တိန္ဒြိယော စ နိပကော စ၊ အပ္ပဂဗ္ဘော ကုလေသွနနုဂိဒ္ဓေါ။

၃။ န စ ခုဒ္ဒမာစရေ ကိဉ္စိ၊ ယေန ဝိညူ ပရေ ဥပဝဒေယျုံ။
သုခိနော ဝ ခေမိနော ဟောန္တု၊ သဗ္ဗသတ္တာ[၁] ဘဝန္တု သုခိတတ္တာ

၄။ ယေ ကေစိ ပါဏဘူတတ္ထိ၊ တသာ ဝါ ထာဝရာ ဝ’နဝသေသာ။
ဒီဃာ ဝါ ယေ ဝ မဟန္တာ[၂]၊ မဇ္ဈိမာ ရဿကာ အဏုကထူလာ။

၅။ ဒိဋ္ဌာ ဝါ ယေ ဝ အဒိဋ္ဌာ[၃]၊ ယေ ဝ[၄] ဒူရေ ဝသန္တိ အဝိဒူရေ။
ဘူတာ ဝ[၅] သမ္ဘဝေသီ ဝ[၆]၊ သဗ္ဗသတ္တာ ဘဝန္တု သုခိတတ္တာ။

၆။ န ပရော ပရံ နိကုဗ္ဗေထ၊ နာတိမညေထ ကတ္ထစိ န ကဉ္စိ[၇]။
ဗျာရောသနာ ပဋိဃသညာ၊ နာညမညဿ ဒုက္ခမိစ္ဆေယျ။

၇။ မာတာ ယထာ နိယံပုတ္တ၊ မာယုသာ ဧကပုတ္တမနုရက္ခေ။
ဧဝမ္ပိ သဗ္ဗဘူတေသု၊ မာနသံ ဘာဝယေ အပရိမာဏံ။

၈။ မေတ္တဉ္စ သဗ္ဗလောကသ္မိ၊ မာနသံ ဘာဝယေ အပရိမာဏံ။
ဥဒ္ဓံ အဓော စ တိရိယဉ္စ၊ အသမ္ဗာဓံ အဝေရ’မသပတ္တံ။

၉။ တိဋ္ဌံ စရံ နိသိန္နော ဝ[၆]၊ သယာနော ယာဝတာ’ဿ ဝိတမိဒ္ဓေါ[၈]၊
ဧတံ သတိံ အဓိဋ္ဌေယျ၊ ဗြဟ္မမေတံ ဝိဟာရမိဓမာဟု။

၁၀။ ဒိဋ္ဌိဉ္စ အနုပဂ္ဂမ္မ၊ သီလဝါ ဒဿနေန သမ္ပန္နော။
ကာမေသု ဝိနယ[၉] ဂေဓံ၊ န ဟိ ဇာတုဂ္ဂဗ္ဘသေယျ ပုန ရေတီတိ။

မေတ္တသုတ္တံ။

# ၉–မေတ္တသုတ်

၁။ ငြိမ်းအေးသော နိဗ္ဗာန်သို့ ဉာဏ်ဖြင့် သက်ဝင်၍ နေလိုသော အကျိုးစီးပွါး၌ လိမ္မာသော သူသည် (ဤဆိုလတ္တံ့သော စည်းကမ်းနည်းလမ်းကို) ပြုကျင့်အပ်၏ --ကျင့်စွမ်းနိုင်ရမည်၊ ကိုယ်နှုတ်ဖြောင့်မတ်ရမည်၊ စိတ်နေ စိတ်ထား ကောင်းစွာ ဖြောင့်မတ်ရမည်၊ ဆိုဆုံးမလွယ်ရမည်၊ စိတ်ထားနူးညံ့သိမ်မွေ့ရမည်၊ လွန်ကဲမြင့်မောက်သော မာနမရှိရာ။

၂။ ပစ္စည်းလေးပါး၌ ရောင့်ရဲလွယ်ရမည်၊ မွေးမြူလွယ်ရမည်၊ အမှုကိစ္စ နည်းပါးရမည်၊ ဝန်ကျဉ်းပေါ့ပါးသော အသက်မွေးမှု ရှိရမည်၊ ငြိမ်သက်သော ဣန္ဒြေရှိရမည်၊ ရင့်ကျက်သော ပညာရှိရမည်၊ ကိုယ်နှုတ်နှလုံး ကြမ်းတမ်းခြင်း မရှိရာ၊ဒါယကာတို့၌ တပ်မက်မှု ကင်းရမည်။

၃။ ပညာရှိတို့ ကဲ့ရဲ့စွပ်စွဲနိုင်မည့် ဒုစရိုက်ကို စိုးစဉ်းအနည်းငယ်မျှလည်း မပြုကျင့်ရာ၊ (ဤစည်းကမ်းနည်းလမ်းကို လိုက်နာရမည်)။ခပ်သိမ်းသော သတ္တဝါတို့သည် ချမ်းသာခြင်းနှင့် ပြည့်စုံကုန်သည် ဘေးကင်းကုန်သည်ဖြစ်၍ ချမ်းသာသော ကိုယ်စိတ်ရှိကြပါစေကုန်သတည်း။

၄။ ကြွင်းမဲ့ဥဿုံ အလုံးစုံကုန်သော(ထွက်သက်ဝင်သက်ရှိ) သတ္တဝါ(ထွက်သက်ဝင်သက်မဲ့) သတ္တဝါတို့သည်၎င်း ထိတ်လန့်တတ်သော (ပုထုဇဉ်) ပုဂ္ဂိုလ်တို့သည်၎င်း စိတ်ခိုင်ခံ့သော (ရဟန္တာ)ပုဂ္ဂိုလ်တို့သည်၎င်း ရှည်သော (ကိုယ်ရှိသော)သတ္တဝါတို့သည်၎င်း ကြီးသော ကိုယ်ရှိသော သတ္တဝါတို့သည်၎င်း အလတ်စားကိုယ်ရှိသော သတ္တဝါတို့သည်၎င်း ပုတိုသော ကိုယ်ရှိသော သတ္တဝါတို့သည်၎င်း သေးဖွဲ့ သိမ်မွေ့သော ကိုယ်ရှိသော သတ္တဝါတို့သည်၎င်း ဆူဖြိုးသော ကိုယ်ရှိသော သတ္တဝါတို့သည်၎င်း။

၅။ မြင်ဘူးသောသတ္တဝါတို့သည်၎င်း မမြင်ဘူးသောသတ္တဝါတို့သည်၎င်း အဝေး၌နေသော သတ္တဝါတို့သည်၎င်း အနီး၌နေသော သတ္တဝါတို့သည်၎င်း (ရဟန္တာ)ပုဂ္ဂိုလ်တို့သည်၎င်း (ပုထုဇဉ်သေက္ခ) ပုဂ္ဂိုလ်တို့သည်၎င်း ခပ်သိမ်းသော သတ္တဝါတို့သည် ချမ်းသာသော ကိုယ်စိတ်ရှိကြပါစေကုန်သတည်း။

၆။ တယောက်က တယောက်ကို အမျက်မထွက်ပါစေလင့်၊ တစုံတခုသောအရာ၌ တစုံတယောက်ကိုမျှ ချုတ်ချယ်ခြင်းဖြင့်၎င်း ရန်လိုသောစိတ်ဖြင့်၎င်း မထေမဲ့မြင် မပြုပါစေလင့်၊ အချင်းချင်း ဆင်းရဲမှုကို အလိုမရှိပါစေလင့်။

၇။ မိခင်သည် ရင်၌ ဖြစ်သော တဦးတည်းသားကို အသက်ရှင်စေရန် အစဉ်စောင့်ရှောက်ဘိသကဲ့သို့ ဤအတူပင် သတ္တဝါခပ်သိမ်းတို့၌ အတိုင်းအရှည်မရှိသော မေတ္တာစိတ်ကို ပွါးများရာ၏။

၈။ အထက်အောက်(အဝီစိ)ဖီလာ အလုံးစုံသော လောက၌ ကျဉ်းမြောင်းခြင်း မရှိသော အတွင်းရန် အပြင်ရန် ကင်းသော အတိုင်းအရှည်မရှိသော မေတ္တာစိတ်ကို ပွါးများရာ၏။



၉။ ငိုက်မျဉ်းခြင်းကင်း၍ ရပ်နေသမျှ သွားနေသမျှ ထိုင်နေသမျှ လျောင်းနေသမျှကာလပတ်လုံး ဤ(မေတ္တာနှင့် ယှဉ်သော) သတိကို ပွါးများအံ့ဟု ဆောက်တည်ရာ၏၊ ဤသာသနာတော်၌ မေတ္တာနှင့်ယှဉ်သော သတိဖြင့် နေခြင်းကို မြတ်သောနေခြင်း 'ဗြဟ္မဝိဟာရ' ဟူ၍ မြတ်စွာဘုရားတို့ ဟောတော်မူကုန်၏။

၁၀။ (ထိုမေတ္တာကမ္မဋ္ဌာန်း စီးဖြန်းသောသူသည်) သက္ကာယဒိဋ္ဌိသို့လည်း မကပ်မူ၍ (လောကုတ္တရာ) သီလရှိသည်ဖြစ်လျက် သောတာပတ္တိ မဂ်ဉာဏ်အမြင်နှင့် ပြည့်စုံသည်ဖြစ်၍ ဝတ္ထုကာမတို့၌ တပ်မက်တွယ်တာမှုကို ပယ်ဖျောက်သည်ရှိသော် အမိဝမ်း၌ တဖန် (ပဋိသန္ဓေ) နေခြင်းသို့ မရောက်တော့ပေဟု (မိန့်တော်မူ၏)။

မေတ္တသုတ် ပြီး၏။